ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၆၇)

# ကျေးဇူးသိခြင်း

အဂ္ဂမဟာ ပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ကျေးဇူးသိခြင်း

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# ကျေးဇူးသိခြင်း

## မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ အမှတ်(၆၈)၊ ကျေးဇူးရှင်ဖခင်ကြီး ဦးမောင်မောင်အား ရည်စူး၍ မိခင်ကြီး ဒေါ်နန်းတွီအား အမှူးထားလျက် ဦးအောင်ဖေမောင်၏ (၅၀)နှစ်ပြည့် ရွှေရတုမွေးနေ့အမှတ်တရ ကုသိုလ်အဖြစ်ဖြင့် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် မွေးနေ့အလှူတော်မင်္ဂလာ အခမ်းအနား၌ ဟောကြားအပ်သော "ကျေးဇူးသိခြင်း" အကြောင်း တရားဒေသနာတော်။

"ကျေးဇူးသိတယ်" ဆိုတာကို မြတ်စွာဘုရားက သူတော်ကောင်းရဲ့ အမှတ်အသားလက္ခဏာအဖြစ်ဖြင့် သုတ္တန်တစ်ခုမှာ ဟောကြားပြီး မင်္ဂလသုတ္တန်မှာ ကောင်းကျိုးချမ်းသာမင်္ဂလာတွေကို ဖြစ်ပွားစေနိုင်တဲ့ အကြောင်းတရားအဖြစ်ဖြင့် ဟောကြားတော်မူခဲ့တယ်။

## ကျေးဇူးဟူသော စကားလုံး ဆင်းသက်လာပုံ

"ကျေးဇူးသိခြင်း" ဆိုတဲ့ စကားလုံးဟာ ပါဠိနဲ့ ဆက်သွယ်နေတဲ့ စကားလုံးတစ်လုံးပဲ၊ ကျေးဇူးဆိုတဲ့ စကားလုံးက ပါဠိလို "**ကတညူ**" မှ "**ကျေးဇူး**" ဆိုတဲ့ မြန်မာစကား ဖြစ်လာတယ်။ ဘယ်လိုဖြစ်လာသလဲ ဆိုတော့ "**ကတ**" ကို အိန္ဒိယသားတို့က ရရစ်ထည့်ပြီး တော့ "**ကြတ**" လို့ ဖတ်တယ်၊ အဲဒီ "**ကြ**" ကို မြန်မာ လူမျိုးတွေက "**ကြ**" လို့ပဲဖတ်ကြတယ်၊ အဲဒီ "**ကြတ**" ဆိုတာ တစ်စုံတစ်ယောက်က ကိုယ့်အပေါ်မှာ တစ်ခုခု ကူညီလုပ်ကိုင်ပေးတာ၊ လုပ်ကိုင်ပေးတယ်ဆိုတာ သူ့ စေတနာနဲ့သူ လိုအပ်ချက်ကို ဖြည့်ဆည်းပေးတာ၊ တစ်ယောက်ယောက်က ကိုယ်နဲ့ ပတ်သက်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်ပေးမှုကို "**ကရိတ**"လို့ ခေါ်တယ်၊ နောက်က "**ညူ**" ဆိုတဲ့ စကားလုံးကို အိန္ဒိယမှာ "**ဂျညူ**"လို့ ဖတ်တယ်၊ အိန္ဒိယနိုင်ငံမှာသုံးတဲ့ စကားလုံး က "**ဂျညူ**"၊ အဲဒါနှစ်ခု ပေါင်းလိုက်တဲ့အခါကျတော့ "**ကြတဂျညူ**" လို့ ဒီလိုဆိုတဲ့စကားက "**ဂျညူ**"ဆိုတဲ့

စကားကို မြန်မာတွေက "ဇူ" လို့ပဲ ဖတ်လိုက်တာပေါ့။ "ဂုညူ" လို့ မဖတ်တော့ဘူး၊ "ဇူ" လို့ပဲ ဖတ်တယ်၊ အဲဒီလို ဖတ်ရင်းကနေပြီးတော့ ပါဠိစကားစစ်စစ် "ကတညူ" ဆိုတဲ့ စကားလုံးဟာ မြန်မာစကား "ကျေးဇူး" ဆိုတဲ့ အသံဖက်ကို ပြောင်းလာတယ်လို့ ဒီလိုပြောကြတယ်။

## ကျေးဇူးဟူသည်

ဘယ်လိုပဲဖြစ်ဖြစ် "ကျေးဇူး" ဆိုတာ ဘာလဲလို့ ဆိုရင်၊ တစ်စုံတစ်ယောက်က ကိုယ့်အပေါ်မှာ ကူညီ စောင့်ရှောက်ဖူးတာ၊ လုပ်ကိုင်ပေးဖူးတာ၊ ကိုယ့်မှာ အကျိုးဖြစ်မယ့် အရာတစ်ခု ဖြစ်ပေါ်စေခဲ့တာကို "ကျေးဇူး"၊ သူ့ရဲ့လုပ်ဆောင်မှုကို အသိအမှတ်ပြုခြင်း၊ သိခြင်းကိုပဲ "ကျေးဇူးသိခြင်း" လို့ ပြောတာပဲ။ လူတစ်ယောက်က ကိုယ့်အပေါ်ကို လုပ်ပေးတာကို အသိအမှတ်ပြုတာ၊ အသိအမှတ်ပြုတယ် ဆိုတာ အင်မတန်မှ အရေးကြီးတယ်။

## အသိအမှတ်ပြုသူနှင့် မပြုသူ

လောကလူတွေက အသိအမှတ်မပြုတဲ့သူတွေက များတယ်ပေါ့။ အသိအမှတ်မပြုဘူး ဆိုကတည်းက မသိတာလည်း ပါတယ်၊ မသိဘူး ဆိုကတည်းက အကောင်းမမြင်နိုင်ဘူးပေါ့။ သိတယ်ဆိုတာ လိမ္မာယဉ်ကျေးသူတို့ရဲ့ အရည်အချင်းတစ်ခုပဲပေါ့။ သိတာနဲ့ မသိတာ ဒီနှစ်ခုဟာ မသိဘူးဆိုတာဟာ "**မောဟ**"၊ သိတယ်ဆိုတာ "**ပညာ**"၊ ဘာကိုပဲသိသိ သိတယ်ဆိုတဲ့ဟာက တိုးတက်မှုတစ်ခုပဲ၊ တန်ဖိုးရှိတဲ့ အရာတစ်ခု၊ အဲဒီတော့ "ကျေးဇူးကိုသိတယ်" ဆိုတဲ့နေရာမှာ ကိုယ့်အပေါ်မှာ တစ်စုံတစ်ဦးက အကျိုးဖြစ်ထွန်းအောင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကိုယ့်အပေါ်မှာ ကူညီစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးကို အသိအမှတ်ပြုတယ်။

သိတယ်ဆိုတာ တကယ်ကို စိတ်ကောင်းနှလုံးကောင်းရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ နှလုံးသားထဲမှာရှိတဲ့ သဘာဝ တရားတစ်ခု၊ ဒါကြောင့်မို့ မြတ်စွာဘုရားက

"ကျေးဇူးသိတယ် ဆိုတာ သူတော်ကောင်းတွေရဲ့ အရည်အချင်း တစ်ခုပဲ" တဲ့၊ လူတော်လူကောင်းမှ ဒီလို တစ်ဦးတစ်ယောက်ရဲ့ ကျေးဇူးပြုမှုကို အသိ အမှတ်ပြုတာ။

အဲဒီလို အသိအမှတ် မပြုဘူး၊ တစ်ချို့တစ်ဝက် အသိအမှတ်ပြုတယ်၊ လုံးဝအသိအမှတ်မပြုဘူးဆိုတဲ့ ပုဂ္ဂိုလ်ကျတော့ မသိဘူး၊ အသိအမှတ် မပြုဘူး ဆိုကတည်းက သူက မသိတဲ့ပုဂ္ဂိုလ်ပဲ၊ ဘာမှ အသိ အမှတ်မပြုတော့ သူက ဘာမှမသိတဲ့ ပုဂ္ဂိုလ်၊ အဲဒီ တော့ သိတဲ့ပုဂ္ဂိုလ်နဲ့ မသိတဲ့ပုဂ္ဂိုလ်ဆိုတာ အင်မတန်မှ ကွာခြားတယ်၊ ဘယ်အရာကိုပဲသိသိ သိတဲ့တန်ဖိုးက အင်မတန်မှ ကြီးမားတယ်။

## မိတ်ဆွေနှင့် မိတ်ဆွေစိတ်ဓာတ်

လောကလူတွေဟာ အချင်းချင်း အပြန်အလှန် မှီတင်းပြီး အသက်ရှင်ကြရတယ်၊ အသက်ရှင်ကြတဲ့ အခါ "တစ်ဦးကျေးဇူး တစ်ဦးမှာ" လို့ပြောကြတယ်ပေါ့၊

ကျေးဇူးတရားဆိုတာ အသီးသီး လူတိုင်းလူတိုင်းမှာ ရှိနေကြတယ်ပေါ့။ တစ်စုံတစ်ယောက်က စတင်ပြီး ကူညီတယ်၊ စောင့်ရှောက်တယ်၊ တစ်ဖက်သားရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးတယ်ဆိုတာ အဲဒီ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဘာဖြစ်တာတုန်းဆိုတာ "မေတ္တာ" ဖြစ်တာ၊ သူ့ရဲ့ ရင်ထဲ နှလုံးထဲမှာရှိတဲ့ မေတ္တာဟာ တစ်ဖက်သားရဲ့ အကျိုးစီးပွားကို လိုလားတဲ့စိတ်ဓာတ် ကလေးပေါ့။ အမုန်းကင်းစင်ပြီးတော့ တစ်ဖက်သားရဲ့ အကျိုးစီးပွားကို လိုလားတဲ့သဘောထား။ အဲဒီ တစ်ဖက် သားရဲ့ အကျိုးစီးပွားကို လိုလားတဲ့ သဘောထားကိုပဲ မိတ်ဆွေရဲ့စိတ်ဓာတ် "မေတ္တာ" လို့ ဒီလိုပြောတာနော်၊ မိတ်ဆွေဆိုတာ တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင် ခင်မင်တာ၊ ခင်မင်သူအချင်းချင်းဟာ မိတ်ဆွေ၊ အဲဒီ "မိတ်ဆွေရဲ့စိတ်ဓာတ်" ကို "မေတ္တာ" လို့ ခေါ်တာ။

အဲဒီတော့ တစ်ဖက်ကကြည့်မယ်ဆိုရင် မေတ္တာ ဆိုတာ ဘာတုန်းဆိုရင် မေတ္တာဆိုတာ အဘိဓမ္မာ

သဘောအရ ဒေါသကိုဖယ်ရှားပစ်နိုင်တဲ့ (သို့မဟုတ်) အမုန်းတရားကို ဖယ်ရှားပစ်နိုင်တဲ့ "အဒေါသ" ဆိုတဲ့ သဘာဝတရား တစ်ခုပဲ။ အဲဒီ "အဒေါသ" ဆိုတာ အမုန်းတရား ကင်းစင်တဲ့ သဘာဝတရား၊ မေတ္တာ တရား။

ဒီတရား ကိုယ့်ရင်ထဲနှလုံးထဲမှာ ရှိလာပြီ ဆိုလို့ ရှိရင် မည်သူ့ကိုဖြစ်စေ သူက စတင်ပြီးတော့ ကူညီ ဆောင်ရွက်ပေးတယ်၊ ကျေးဇူးပြုတယ်၊ တစ်ဖက်သား ရဲ့ လိုအပ်ချက်ကို ကြည့်ပြီးတော့ ဖြည့်ဆည်းပေးလိုတဲ့ စိတ်ဓာတ်တွေ ပေါ်လာတယ်။

အဲဒီလို စိတ်ဓာတ်ကို အကြောင်းပြုပြီး "ကာတ" တစ်ခုခု လုပ်ပေးတယ်ဆိုတာ ဖြစ်လာတာ။ အဲဒီတော့ သာမန်အားဖြင့်ဖြစ်တာ၊ အဲဒီလိုစိတ်ဓာတ်ကို အရင်းခံ ပြီးတော့ လုပ်ပေးတာဟာ အင်မတန်မှတန်ဖိုးရှိတယ်။

## ဟန်ဆောင်ခြင်း

နောက်ပိုင်းကျတော့ အဲဒီလိုစိတ်ဓာတ် မဟုတ်ဘဲနဲ့ တစ်စုံတစ်ခုကို မျှော်လင့်ပြီးတော့ လုပ်ပေးတာရော မရှိဘူးလားဆိုတော့ ရှိတယ်၊ အဲဒီအခါကျတော့ သန့်စင်တဲ့အရာ မဟုတ်ဘူး၊ ဟန်ဆောင်တာ ဖြစ်သွားတယ်။ အဲဒါကျတော့ ကိုယ်ရဲ့ အတွင်းနှလုံးသားကို ဖုံးကွယ်လျှို့ဝှက်ထားပြီး အပြင်ပန်းအနေနဲ့ မေတ္တာရှိသူတို့ရဲ့ ပြုမူဆောင်ရွက်မှုကို လုပ်တယ်၊ ဒါကျတော့ ဟန်ဆောင်တာလို့ ဒီလိုအဓိပ္ပာယ် ရတယ်ပေါ့။

နှလုံးသား သန့်စင်မှု မရှိသည့်အတွက်ကြောင့်၊ သူ့ရဲ့ပြုမူမှုကြောင့် တစ်ဖက်သားဟာ အကျိုးရှိသွားသော်လည်း အဲဒီ စတင်ပြုလုပ်တဲ့ပုဂ္ဂိုလ်ရဲ့ စိတ်ထဲနှလုံးသားထဲမှာ သန့်ရှင်းမှုမရှိသည့်အတွက်ကြောင့် သူကတော့ မေတ္တာကင်းလျက် ဟန်ဆောင်ပြုလုပ်ခြင်းလို့ ဒီလိုပဲ အဓိပ္ပာယ်ရတယ်၊ အဲဒီတော့ သူ့အတွက် အကျိုးမရှိဘူး၊ သို့သော် ဘယ်လိုပဲလုပ်လုပ် တစ်ဖက်သားအတွက် ကောင်းကျိုးချမ်းသာ ဖြစ်စေတတ်တဲ့

အလုပ်ဆိုရင် တစ်ဖက်သားမှာတော့ အကျိုးရှိသွားတယ်။

အခုဆိုလိုတာက နှစ်ဦး ဆိုပါတော့၊ တစ်ဦးက တကယ့်မေတ္တာနဲ့ လုပ်တယ်၊ နောက်တစ်ဦးက ဟန်ဆောင်ပြီးတော့လုပ်တယ်၊ အဲဒီတော့ ကျန်တဲ့ တစ်ဖက်သားက သူလုပ်ပေးတာကို ရတယ်၊ အဲဒီလို ရတဲ့အခါမှာ သူ့အနေနဲ့ကတော့ နှစ်ဦးလုံးကိုပဲ ကျေးဇူး တင်ရမယ့် သဘောရှိတယ်ပေါ့၊ သူ့ရဲ့လုပ်ရပ်ကြောင့် ကိုယ့်မှာအကျိုးဖြစ်ထွန်းလာတယ်၊ နှစ်ဦးလုံးကို ကျေးဇူး တင်ရမယ်၊ ဘာဖြစ်လို့တုန်းဆိုတော့ သူ့အနေနဲ့က ဘယ်လိုပဲလုပ်ပေးလုပ်ပေး ရလာတဲ့အကျိုးက သူခံစား ရတာကိုး၊ ခံစားရတာကို အကြောင်းပြုပြီးတော့ သူ့ အနေနဲ့ကတော့ မေတ္တာနဲ့လုပ်ပေးတယ်၊ သို့မဟုတ် တစ်ခြားနည်းနဲ့ လုပ်ပေးတယ်လို့ တွက်စရာ မလိုဘူး၊ ကိုယ့်အပေါ်မှာ ကောင်းကျိုး ချမ်းသာရအောင် ဆောင်ရွက်ပေးလို့ရှိရင် ဒါ ကျေးဇူးတင်ထိုက်တယ်လို့ပဲ ဒီလိုပြောရတာပေါ့။

## သက်မဲ့လည်း ကျေးဇူးရှိတယ်

မြတ်စွာဘုရားက သက်ရှိသတ္တဝါ အချင်းချင်းတောင် မကဘူး၊ သစ်ပင်တစ်ပင်အောက်မှာ အရိပ်ခိုဖူးလို့ရှိရင် အဲဒီသစ်ပင်က ကိုယ့်ကို အေးမြစေတယ်၊ အဲဒီသစ်ပင်က ကိုယ့်ကို အေးမြအောင် လုပ်ပေးတဲ့ ကျေးဇူးတရားကို သိရမယ်လို့ ဒီလိုဟောတယ်၊ ဆိုလိုတာကတော့ ကိုယ့်အပေါ်မှာ အကျိုးဖြစ်ထွန်းအောင်လုပ်ရင် သက်ရှိသက်မဲ့ အရာခပ်သိမ်းကို ကျေးဇူးတင်ရတယ် ဆိုတဲ့အဓိပ္ပာယ်ရှိတယ်၊ အသိအမှတ်ပြုတဲ့ သဘောကို ပြောတာနော်၊ ကိုယ့်အတွက် အကျိုးဖြစ်ထွန်းလာလို့ရှိရင် အသိအမှတ်ပြုရမယ်။

ဒါ စာပေကျမ်းဂန်တွေထဲမှာ တိုက်ရိုက်ရှိတယ်၊

**"ယဿ ရုက္ခဿ ဆာယာယ၊**

**နိသီဒေယျ သယေယျ ဝါ"**

သစ်ပင်ရိပ်ကလေးအောက်မှာ ထိုင်နေဖူးတယ်၊ အိပ်နေဖူးတယ်၊ အဲဒီသစ်ပင်အရိပ်ကလေးက ကိုယ့်ကို အကျိုးပြုခဲ့ဖူးတယ်ဆိုရင် **"န တဿ သာခံ ဘဉ္ဇေယျ"**

အဲဒီသစ်ပင်ရဲ့ အခက်ကို မချိုးဖဲ့ပစ်ရဘူးတဲ့၊ ဒီလို ပြောတာ၊ အဲဒီလို ချိုးဖဲ့ပစ်ရင် ဘာဖြစ်သလဲဆိုရင် မိတ်ဆွေကို ပြစ်မှားရာ ရောက်တယ်တဲ့၊ ဒါလည်း သဘာဝတရားရဲ့ တုန့်ပြန်မှု ဆိုတာကို အသိအမှတ် ပြုတာပဲ။

## လူနှင့် ပတ်ဝန်းကျင်

ဒီနေ့ခေတ် လူတွေဟာ မစဉ်းစားကြလို့၊ လူနဲ့ ပတ်ဝန်းကျင်ဆိုတာရှိတယ်၊ လူတွေ အသက်ရှင်သန် နေတာ ဘာကြောင့်လဲ? အပြန်အလှန်ကြည့်လိုက်မယ် ဆိုလို့ရှိရင် သဘာဝ တောတောင် ရေမြေတွေဟာ လူတွေ အသက်ရှင်ဖို့အတွက် အထောက်အကူ အများ ကြီး ပေးတယ်၊ ဘယ်လို အထောက်အကူပေးတုန်း ဆိုတော့ သိပ္ပံဆရာတွေပြောတာတော့ အများကြီးပေါ့၊ ကိုယ့်ဟာကိုယ် ကြည့်ဖို့ရာက ဒီ သစ်ပင်တွေက လူတွေ အသက်ရှင်ဖို့အတွက် အင်မတန် တန်ဖိုးရှိတဲ့ အောက်စီဂျင်တွေပေးတယ်လို့၊ နောက် သစ်ပင်တွေကို

အမှီပြုပြီးတော့ လူတွေသောက်သုံးဖို့ရေကို ရရှိစေတယ်၊ မိုးကိုရွာချစေပြီး ရေကိုရရှိစေတယ်၊ ဒီသစ်ပင်တွေ ရှိခြင်းအားဖြင့် ရာသီဥတုကို ထိန်းသိမ်းပြီး အေးမြစေတယ်၊ ဒီကနေ့ခေတ်က ဒါတွေကို ပိုအသိအမှတ်ပြုလာကြပြီ၊ အသိအမှတ်ပြုလာသည့်အတွက်ကြောင့် ဘာတွေလုပ်လာတုန်းဆိုတော့ "သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး" ဆိုပြီး လုပ်လာကြတယ်၊ ဒါ တကယ်ပြောမယ်ဆိုလို့ရှိရင် လူနဲ့ပတ်ဝန်းကျင်ဆိုတာ ဆက်စပ်ပြီးတော့နေတယ်။

အဲဒီလို ဆက်စပ်ပြီးနေလို့ ကြည့်လေ၊ ဘုရားလောင်းမှာ မွေးဖွားတဲ့အချိန်တုန်းကလည်း သစ်ပင်အောက်မှာ မွေးတယ်၊ တောထွက်ပြီး တရားကျင့်တဲ့အခါမှာလည်း သစ်ပင်အောက်မှာပဲ တရားကျင့်တယ်၊ နောက်တစ်ခါ ဓမ္မစကြာတရား ဟောတာလည်း သစ်ပင်အောက်မှာပဲ ဟောတာ၊ နေတဲ့ထိုင်တဲ့အခါမှာလည်း "**ဇေတဝန**" လို့ခေါ်တဲ့ တောကြီးထဲမှာပဲ နေတာပဲ၊ များသောအားဖြင့် မြတ်စွာဘုရားဟာ သစ်ပင်

အောက်မှာနေတယ်၊ ဒါကြောင့်မို့ ကမ္ဘာ့ဌာန်းတရား အားထုတ်ဖို့ ညွှန်ကြားတဲ့နေရာတိုင်းမှာ "**ရုက္ခမူလ– ဂတောဝါ**" သစ်ပင်ရင်း ရောက်နေတဲ့အခါမှာ ဖြစ်စေ ဆိုတာ ပါတယ်၊ အဲဒီလို သစ်ပင်ကို တန်ဖိုးထားတဲ့ သဘောတွေဟာ အင်မတန်မှ ထင်ရှားတယ်၊ နောက်ဆုံး ပရိနိဗ္ဗာန်စံတော့လည်း သစ်ပင်အောက်မှာ ပဲ၊ မြတ်စွာဘုရားရဲ့ဘဝနဲ့ သစ်ပင်၊ သစ်ပင်ရဲ့ အကျိုး ပြုမှုဟာ ဆက်စပ်နေတယ်။

တစ်ဖက်ကကြည့်မယ်ဆိုရင် မြတ်စွာဘုရားဟာ "ဒီသဘာဝသစ်ပင်တွေရဲ့တန်ဖိုးကို အင်မတန်မှ အသိ အမှတ်ပြုတယ်" လို့ ဒီလိုပြောရမယ်၊ သာသနာ့ဘောင် ဝင်လာတဲ့ ရဟန်းတစ်ပါးကို မြတ်စွာဘုရားက ဘယ်လို ညွှန်တုန်းဆိုတော့ (ဒီနေ့ခေတ်အထိအောင်ပဲ ဒုလ္လဘ ရဟန်းခံခဲ့တဲ့ပုဂ္ဂိုလ်တွေ ကြားဖူးတယ်) "**ရုက္ခမူလ သေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ**" တဲ့၊ "သစ်ပင်ရင်းတည်း ဟူသော အကြောင်းကို မှီတင်းနေထိုင်ဖို့ရန် ရဟန်း ဘဝကို ငါခွင့်ပြုတာ၊ ဒါကြောင့်မို့ သစ်ပင်အောက်မှာ

နေနိုင်အောင်ကြိုးစား” လို့ ဒီလိုဆိုတာ၊ အသက်ထက်ဆုံး နေနိုင်အောင်ကြိုးစားပါလို့၊ ဒါသစ်ပင်ကို တန်ဖိုးထားတဲ့ အဓိပ္ပာယ်မျိုးပေါ့။

ဒီနေ့ခေတ်မှာကျတော့ လူတွေက ဒီကျေးဇူးတရားတွေကိုမေ့လျော့ပြီးတော့ သစ်ပင်တွေကို ခုတ်လှဲပစ်ကြတယ်၊ ကိုယ့်ကို အကျိုးပြုနေသောအရာတွေကို ဖျက်ဆီးပစ်လိုက်ကြတယ်၊ ကိုယ့်ကို အကျိုးပြုနိုင်တဲ့ အရာတွေဟာ ပျောက်ကွယ်သွားပြီး ကိုယ့်ကို အကျိုးမပြုနိုင်တဲ့ အရာတွေ ဖြစ်ပေါ်လာတယ်။ ကိုယ့်ကို အကျိုးမပြုနိုင်တဲ့ အရာတွေဟာ ရှေ့တန်းရောက်လာပြီး လူတွေဟာ ဒုက္ခရောက်လာကြတယ်၊ ဆက်စပ်မှုလေးကို ပြောပြတာနော်။

ဘယ်အရာပဲဖြစ်ဖြစ် ကောင်းကျိုး ချမ်းသာဖြစ်ပွားစေတတ်တယ်ဆိုတာတွေကို အားလုံး အသိအမှတ် ပြုကြရတယ်ပေါ့။ မြတ်စွာဘုရားဟောတဲ့ ပစ္စည်းလေးပါး- စားစရာရယ်၊ ဝတ်စရာရယ်၊ နေစရာရယ်၊ မကျန်းမာရင် ဆေးဝါးရယ်၊ ဒီလေးမျိုးကို

"ပစ္စယ" လို့ ခေါ်တယ်၊ "ပစ္စယ" ကို မြန်မာတွေက ပစ္စည်းလို့ ဘာသာပြန်ကြတယ်၊ "ပစ္စယ" ရဲ့ အဓိပ္ပာယ်က ဘာတုန်း ဆိုလို့ရှိရင် အသက်ရှည်ဖို့အတွက် ထောက်ပံ့ကူညီတဲ့ အရာများလို့ ဒီလိုပြောတယ်။ လူဟာစားစရာမရှိရင်လည်း အသက်ရှည်မှာ မဟုတ်ဘူး၊ ဝတ်စရာမရှိဘူး ဆိုရင်လည်း အသက်မရှည်နိုင်ဘူး၊ နေစရာ မရှိဘူးဆိုလည်း အသက်မရှည်နိုင်ဘူး၊ မကျန်းမာရင် ဆေးဝါးဆိုတာ မရှိရင်လည်း အသက်မရှည်နိုင်ဘူး။

အဲဒီတော့ လူ့ဘဝမှာ အဝတ် ဝတ်တယ်ဆိုတာ အပူဒဏ် အအေးဒဏ် ကာကွယ်ဖို့ ဝတ်တာ၊ ဒါဖြင့် အဝတ်မဝတ်တဲ့ ပုဂ္ဂိုလ်တွေ၊ ဝတ်လစ်စလစ်နဲ့နေတဲ့ ပုဂ္ဂိုလ်တွေရောဆိုတော့ သူတို့လည်း အေးတဲ့အချိန်မှာ အကာအကွယ်တော့ လုပ်ရတာပဲ၊ မလုပ်ရင် အသက်မရှည်နိုင်ဘူးပဲ၊ လူမပြောနဲ့ တိရစ္ဆာန်တောင်မှပဲ သဘာဝက အဝတ်သဖွယ် အကာအကွယ် ပေးထားတာလေ၊ တောင်ပိုင်းနိုင်ငံတွေ အပူပိုင်းဒေသတွေမှာ

ရှိတဲ့ တိရစ္ဆာန်နဲ့ မြောက်ဝင်ရိုးစွန်းက ရေခဲပြင်မှာရှိတဲ့ တိရစ္ဆာန်တွေ တူတာမှ မဟုတ်တာ၊ သဘာဝက ပေးထားတော့ ဟိုက အမွေးပွကြီးတွေနဲ့ ဖြစ်လာတယ်၊ ဒီဘက်ကျတော့ အမွေးလုံးတီးတွေ ဖြစ်လာတယ်၊ သဘာဝက လုံခြုံအောင် လုပ်ပေးတဲ့ သဘောပဲပေါ့။ ကံတရားရဲ့ ဖန်တီးပေးမှုပဲ။

လူတွေကျတော့ ကြည့် - အဝတ်ရဲ့ အကူအညီနဲ့ ဆောင်းရာသီဆို နွေးတဲ့အဝတ်၊ နွေရာသီဆို အေးတဲ့ အဝတ်ဝတ်ပြီး သဘာဝရဲ့ အန္တရာယ်တွေကို အကာအကွယ်ပြုကြတယ်၊ အသက်ရှည်ဖို့လုပ်ကြတယ်၊ ဘာပဲ ဖြစ်ဖြစ် ဆိုလိုတာက လူတွေဟာ အထောက်အပံ့ဆိုတဲ့ "ပစ္စယ" ဆိုတာ ရှိမှ အသက်ရှင်နိုင်တယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားက ပကတူပနိဿယ ပစ္စည်းကို ဟောတဲ့အခါမှာ "**ဥတုပိ ဘောဇနမ္ပိ သေနာသနမ္ပိ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော**" လို့ ဟောတာ၊ ရာသီဥတုကလည်း အားကောင်းတဲ့ အထောက်အပံ့ တစ်ခုပဲ၊ အစာအာဟာရကလည်း

အားကောင်းတဲ့ အထောက်အပံ့ပဲ၊ အိပ်ယာနေရာ ကလည်း အားကောင်းတဲ့ အထောက်အပံ့ပဲ၊ ကိုယ်နဲ့ ဆက်နွယ်နေကြတဲ့ ပုဂ္ဂိုလ်တွေကလည်း အားကောင်း တဲ့ အထောက်အပံ့ပဲလို့ မြတ်စွာဘုရားက ဒီလို ဟောတာ။

## ကျေးဇူးပြုခြင်း

အဲဒီတော့ ဘုန်းကြီးတို့တစ်တွေ စဉ်းစားကြည့် မယ်ဆိုရင် "တို့ဟာ တစ်ယောက်တည်းနေတာ မဟုတ် ဘူး၊ ပတ်ဝန်းကျင်ရဲ့ကျေးဇူးပြုမှုနဲ့ နေရတယ်"၊ အဲဒါကို ၂၄-ပစ္စည်းမှာ ပစ္စည်းဆိုတာ ကျေးဇူးပြုတာတွေကို ပစ္စည်းလို့ ခေါ်တာပဲ၊ ပစ္စည်းဆိုတဲ့ စကားလုံးက ကျေးဇူးပြုတာလေ၊ ၂၄-ပစ္စည်းဆိုတာ ကျေးဇူးပြုတဲ့ အကြောင်းတရားတွေကို ပြောတာပဲ၊ လူတွေသုံးတဲ့ ပစ္စည်းဆိုတာလည်းအားလုံးက အသက်ရှည်ဖို့အတွက် အကြောင်းတရား အထောက်အပံ့ပေးတာကိုခေါ်တာ၊

"ပစ္စယ" ဆိုတာ အကျိုးကို ဖြစ်ထွန်းစေတယ်လို့ ပြောတာ။

ဘာပဲဖြစ်ဖြစ် လူသုံးကုန် ပစ္စည်းတွေကလည်း တစ်နည်းမဟုတ်တစ်နည်း (နောက်ဆုံးမှာ) အသက်ရှည်ဖို့ မဟုတ်ဘူးလား၊ ပျော်ရွှင်ဖို့ ဆိုတာလည်းပဲ တစ်ဖက်တစ်လမ်းက တိုက်ရိုက်အကျိုးပြုတာ မဟုတ်ပေမယ့်လို့ ဆင့်ပွားပြီး အကျိုးပြုတာတွေ ခုခေတ်တော့ အများကြီး ဖြစ်လာပြီပေါ့။ ပျော်ရွှင်မှုလည်း လိုအပ်တယ်ဆိုတော့ ပျော်ရွှင်မှု entertainment တွေ လုပ်လာကြတယ်ပေါ့။ အဲဒါကလည်းပဲ တိုက်ရိုက်မဟုတ်တောင် အထောက်အကူ ဖြစ်တယ်၊ စိတ်ပျော်ရွှင်လာတဲ့အခါ ကျတော့ လုပ်နိုင်ကိုင်နိုင် ဖြစ်လာတယ်ပေါ့၊ ဒီလို သဘောတွေပေါ့။

အားလုံးဟာ အဲဒီလို ရပ်တည်နေရတယ်ဆိုတဲ့ သဘာဝကြီးကို စဉ်းစားကြည့်လို့ရှိရင် "သြော် ငါဟာ ပတ်ဝန်းကျင်ရဲ့ အထောက်အပံ့နဲ့ အသက်ရှင်နေရပါလား" လို့ဆိုပြီး ပတ်ဝန်းကျင်တစ်ခုလုံးအပေါ်မှာ

သူဟာ ကျေးရူးတင်တတ်လာတယ်၊ "ဒါတွေရှိမှ ငါ အသက်ရှင်နိုင်ပါလား" လို့ သဘောပေါက်လာတယ်။

## မိသားစု

အဲဒီထဲမှာ ပိုပြီး သဘောပေါက်လာဖို့ကတော့ မိသားစု တစ်စုနေကြတယ် ဆိုပါစို့၊ အဲဒီ မိသားစုဟာ ဘယ်သူက ပေါက်ဖွားလာတာလဲဆိုတော့ မိဘနှစ်ပါး က ပေါက်ဖွားလာတယ်၊ အဲဒီမှာ အမေရှိတယ်၊ အဖေ ရှိတယ်။ အဲဒီ အမေအဖေကို အကြောင်းပြုပြီး သား ရှိတယ်၊ သမီးရှိတယ်၊ ထို သား သမီးတွေက မောင်နှမ ဖြစ်လာကြတယ်၊ တစ်ဦးတည်းသော မိဘက မွေးဖွား လာကြတာ၊ အဲဒါနဲ့ပဲ ပထမဆုံးက အမေနဲ့ အဖေ၊ နောက်ပြီးတော့ ညီအစ်ကို မောင်နှမတွေ၊ နောက် တိုးချဲ့လာတော့ တူ တူမတွေ မြေးတွေ၊ ဒီလိုဟာမျိုး တွေပါ ဖြစ်လာတယ်၊ မိသားစုကြီး ကြီးထွားလာတယ်။

ကဲ၊ အဲဒီအထဲမယ် ကျေးဇူးတရားကို လိုက်ပြီး ရှာလိုက်ကြ၊ ရှာလိုက်တဲ့အခါ အမေကို "မာတာ"လို့

ခေါ်တယ်၊ ဒီစကားလုံးက အားလုံးမှာ အတူတူပဲ ဖြစ်တယ်၊ ကမ္ဘာ့သူကမ္ဘာ့သားတွေဟာ နဂိုက မိသားစု တစ်စုတည်းက ပေါက်ဖွားလာတယ်ဆိုတာ ဖြစ်နိုင်တယ်၊ ရေမြေ တောတောင် ဒေသအလိုက် လူတွေဟာ အရောင်ပြောင်းသွားကြတာ၊ မတူညီတဲ့ ပတ်ဝန်းကျင်ရဲ့ အောက်မှာ ကြီးပြင်းကြရလို့ လူမျိုးတွေ အမျိုးမျိုး အသီးသီး ကွဲပြားသွားကြတာ၊ အဲဒီမှာ ပါဠိဘာသာက "**မာတာ**" လို့ ခေါ် တယ်၊ ဒီနေ့ ကမ္ဘာသုံးလို့ပြောနေတဲ့ အင်္ဂလိပ်စကားကျတော့ mother လို့ဆိုတယ်၊ အင်မတန်မှ နီးစပ်တယ်၊ "**မာတာ**" နဲ့ mother ဆိုတာ အသံထွက်လေးပဲ ကွာသွားတယ်။

အဲဒီတော့ အင်္ဂလိပ် mother ဆိုတာကို ဘယ်လို definition ပေးတယ်ဆိုတာတော့ မသိဘူး၊ ပါဠိဘာသာ "**မာတာ**" ကျတော့ "**ပုတ္တံ မာနေတီတိ မာတာ**" လို့ အဓိပ္ပာယ်ရတယ်၊ သားသမီးအပေါ် မှာ မြတ်မြတ်နိုးနိုး ကြင်ကြင်နာနာ စောင့်ရှောက်တဲ့မိခင်လို့ ဒီလိုအဓိပ္ပာယ် ရတယ်။

တစ်ခါ ဖခင်ကျတော့ "ပိတာ" လို့ခေါ်တယ်၊ အင်္ဂလိပ်လိုကျတော့ father ဆိုတော့ အင်မတန်မှ နီးစပ်တယ်ပေါ့။ အဲဒီတော့ "ပိတာ" ရဲ့ အဓိပ္ပာယ်က ဘာတုန်းဆို "**ပုတ္တံ ပါတိ ရက္ခတီတိ ပိတာ**" ဖခင်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ အန္တရာယ် မကျရောက်အောင် ကာကွယ်တဲ့ နေရာမှာ သူက အဓိက ကာကွယ်ရေးကို တာဝန်ယူတဲ့ ပုဂ္ဂိုလ်၊ မိခင်က မြတ်နိုးတဲ့ပုဂ္ဂိုလ်၊ ဖခင်က ကာကွယ်တဲ့ ပုဂ္ဂိုလ်။

လူသားတွေ မကြည့်နဲ့၊ တိရစ္ဆာန်တွေ ကြည့်မယ် ဆိုရင် အဲဒီအတိုင်းပဲ၊ တိရစ္ဆာန်အထီးက အန္တရာယ် မရှိအောင် ကာကွယ်ပေးတာ၊ အမက သားသမီးကို ယုယုယယ မွေးမြူပေးတာ၊ တိရစ္ဆာန် family ကို ကြည့်မယ်ဆိုရင် အဲဒီအတိုင်းတွေ့ရတယ်။ အဲဒီတော့ လူသားဖြစ်တဲ့ မိသားစုတွေကျတော့ ဒီ့ထက်အသိဉာဏ် ရှိတော့ ဒီ့ထက်ပိုလွန်တဲ့ အရည်အချင်းတွေတော့ ရှိမှာ ပေါ့နော်။

ဘာပဲဖြစ်ဖြစ် ကြည့်လိုက်မယ် ဆိုလို့ရှိရင် သားသမီးအပေါ် မိဘနှစ်ပါးက ထားခဲ့တဲ့မေတ္တာ၊ အကျိုးစီးပွားကို လိုလားတဲ့မေတ္တာဟာ အလွန်တရာမှ သန့်စင်ပြီးတော့ မိမိရဲ့သားသမီး အသက်ရှင်ဖို့အတွက် အများကြီး အထောက်အကူပြုတယ်ဆိုတာ ယုံမှားစရာ မရှိဘူး။

ခုန ပတ်ဝန်းကျင်က အထောက်အကူပြုလို့ အသက်ရှင်ရသလိုပဲ လူတစ်ယောက်ဟာ အသက်ရှင်ဖို့အတွက် နံပါတ်(၁) အဖေ အမေရဲ့ ကျေးဇူးပြုမှုက ပိုပြီးတော့ အရင်းကျတယ်၊ ဒါကြောင့်မို့ မြတ်စွာဘုရားက မိဘနှစ်ပါးလုံးကို ပေါင်းပြီးတော့ ဘယ်လို ဟောတုန်းဆိုတော့ "**ဗဟူပကာရာ ဘိက္ခဝေ မာတာပိတရော ပုတ္တာနံ**" "မိဘနှစ်ပါးဟာ" တဲ့ "သူတို့ရဲ့ သားသမီးအပေါ်မှာကျေးဇူးပြုတာအလွန်များတယ်"တဲ့၊ အသက်ရှင်ဖို့အတွက် အထောက်အကူပြုတာ အင်မတန်မှများတယ်၊ ဒါ ဘုရားအသိအမှတ်ပြုတဲ့ စကားလုံး။

ဒါဖြင့် မိဘတွေက သားသမီးတွေ အပေါ်မှာ အထောက်အကူပြုတယ်ဆိုတာ ဘာတွေတုန်း၊ မိဘတွေက သားသမီးတွေအပေါ်မှာ ကျေးဇူးပြုတာ ဘယ်လိုတုန်းလို့ ဆိုတဲ့အခါမှာ ပြောမယ်ဆိုရင် အများကြီးပဲပေါ့။ အဲဒီတော့ မြတ်စွာဘုရားက စကားလေးသုံးလုံးတည်းနဲ့ ပြောထားတယ်၊ မိဘရဲ့ကျေးဇူးတရားကို သိတတ်ဖို့ စကားလေး သုံးခွန်းတည်းပဲပြောတယ်။

အဲဒီသုံးခွန်းက ဘာလဲဆိုရင် "**အာပါဒကာ**" တဲ့၊ "အာပါဒကာ"ဆိုတာ အန္တရာယ် မကျရောက်အောင် ကာကွယ်စောင့်ရှောက်ပေးထားခြင်း။ ဟုတ်တယ်လေ လူ့ဘဝရလာတဲ့အချိန်မှာ ကိုယ့်လက်ကိုယ့်ခြေ ပါပေမယ့် ဘာမှမလုပ်နိုင်တဲ့ မွေးခါစကလေးလေးဟာ မိဘက မစောင့်ရှောက်ဘဲပစ်ထားလိုက်မယ်ဆိုရင် အသက်ရှင်ပါ့မလား၊ မရှင်နိုင်ဘူး၊ အဲဒီတော့ "**အာပါဒကာ**" စောင့်ရှောက်တယ်။

အဲဒီအချိန်ကနေပြီးတော့ အရိပ်တကြည့်ကြည့်နဲ့ စောင့်ရှောက်လာရုံမက ဘာလုပ်ပေးတုန်းဆို "**ပေါ-**

**သကာ**" ကျွေးမွေးပေးတယ်၊ အဲဒီတော့ မြန်မာနိုင်ငံမှာ မိဘတွေက သားသမီးတွေကို တစ်သက်လုံးတောင် ကျွေးမွေးထားကြတယ်လို့ ကြားဖူးတယ်၊ ကိုယ့် သားသမီးကို ဖအေမအေက ကလေးလေးလိုပဲ အောက်မေ့တယ်တဲ့၊ ဒီက အသက်တွေရလို့ မြေးတွေရနေတာတောင် သားသမီးကို ကလေးလိုပဲအောက်မေ့တယ်၊ ဟုတ်တော့ ဟုတ်တာပဲ၊ ကိုယ့်ဝမ်းနဲ့လွယ်ပြီး မွေးထားတဲ့ကလေး ဘယ်လောက်ကြီးကြီး ကြီးတယ်လို့ မထင်ဘူး။

အဲဒီတော့ "**အာပါဒကာ**" အသက်ရှင်ဖို့အတွက် အစောင့်အရှောက် အကာအကွယ် ပေးခဲ့တယ်၊ "**ပေါသကာ**" အသက်ရှင်ဖို့အတွက် ကျွေးမွေးခဲ့တယ်၊ အဲဒီနှစ်ခုဟာ အင်မတန်မှ ကြီးမားတဲ့ ကျေးဇူးတရားပဲ၊ ခုနက ပတ်ဝန်းကျင်ထက် လွန်သွားအောင် ကျေးဇူးပြုတာ။

ပတ်ဝန်းကျင်က ကျေးဇူးပြုတာဟာ အသက်ရှူဖို့ အောက်စီဂျင်ရဖို့ အေးမြဖို့ ရာသီဥတုကောင်းဖို့ဆိုတာ

ဒါ ပတ်ဝန်းကျင်က ပေးတာ၊ အဲဒီ ပတ်ဝန်းကျင်က ပေးတာအပြင် မိဘက ထပ်ပြီးတော့ ပေးတာ၊ **"အာပါဒကာ"** အန္တရာယ် မကျရောက်အောင် စောင့်ရှောက်တယ်၊ **"ပေါသကာ"** နို့ချိုတိုက်ကျွေး အစာရေစာ ပေးပြီးတော့ ကျွေးမွေးစောင့်ရှောက်ခဲ့တယ်။

နောက်ဆုံးတစ်ခုက မြတ်စွာဘုရားက ဘယ်လိုပြောလိုက်တုန်းဆိုတော့ **"ဣမဿ လောကဿ ဒဿေတာရော"** ဒီလောကကြီးကို ကြည့်ရှုခွင့်ပေးလိုက်တယ်၊ ဆိုလိုတာက လူ့လောကကြီးကို ရောက်လာခွင့် ပေးလိုက်တယ်၊ ဘဝအတွေ့အကြုံတွေ ရသွားအောင် ဘယ်သူက လမ်းဖွင့်ပေးလိုက်တာတုန်းဆိုတော့ အမေအဖေက လမ်းဖွင့်ပေးလိုက်တယ်။

လောကကြီးနဲ့ ဆုံတွေ့ခွင့်ပေးလိုက်တယ်ဆိုတဲ့ စကားဟာ အင်မတန်မှကြီးမားတယ်၊ တံခါးဖွင့်ပေးလိုက်သလိုပဲနော်၊ ဒီလောကကြီးနဲ့ ဆုံတွေ့ပေးလိုက်တယ်ဆိုတော့ ဒီလောကကြီးမှာ ကြုံတွေ့ရတဲ့ ကောင်းတဲ့ဟာ မှန်သမျှ မိဘကျေးဇူးပဲ၊ ပညာတတ်ကြီး ဖြစ်လာ

တယ် . . မိဘကျေးဇူးပဲ၊ စီးပွားဥစ္စာတွေတိုးတက်ပြီး ကြီးပွားချမ်းသာလာတယ် . . မိဘကျေးဇူးပဲ၊ ကျန်းမာ ပျော်ရွှင်တယ် . . မိဘကျေးဇူးပဲ၊ ရာထူးတွေရတယ်၊ အရာရာမှာ အောင်မြင်လာတယ် . . မိဘကျေးဇူးပဲ၊ ဒါ မိဘရဲ့ ဆန္ဒထဲမှာ ဒါပဲရှိတယ်ပေါ့၊ အေး အဲဒါ ကြောင့် "**ဣမဿ လောကဿ ဒဿေတာရော**" ဆိုတဲ့ အဓိပ္ပာယ်က ဒီလောကကြီးကိုပြတာ ဘယ်သူလဲလို့ ဆိုရင် မိဘပဲ၊ လောကကြီးနဲ့ ဆုံတွေ့ပေးလိုက်တဲ့ သဘော။

တစ်ခါတလေ လူတွေက ကျေးဇူးတင်ကြတယ် လေ၊ ကိုယ်သိချင်တဲ့ လူတစ်ယောက်နဲ့ မိတ်ဆက် ပေးရင် အဲဒီ မိတ်ဆက်ပေးတဲ့သူကို ကျေးဇူးတင်တာ၊ ဘယ်သူကမိတ်ဆက်ပေးလို့ အကူအညီတွေရတာ . . ကျေးဇူးတင်တယ်၊ လောကကြီးနဲ့ မိတ်ဆက်ပေးတာ ဘယ်သူတုန်းဆိုတော့ အမေ အဖေပဲ၊ အဲဒီတော့ လောကကြီး တစ်ခုလုံးမှာ အောင်မြင်ကြီးပွားမှု

တိုးတက်မှုတွေနဲ့ မိတ်ဆက်ပေးတာ ဘယ်သူတုန်း ဆိုတော့ အမေ အဖေပဲ။ ဒါကြောင့်မို့လို့ မြတ်စွာဘုရား က နံပါတ်(၁) ကျေးဇူးတင်ထိုက်တဲ့ပုဂ္ဂိုလ်ဟာ မိဘ နှစ်ပါးလို့ ဒီလို ဟောတာ။

အဲဒီတော့ လူတိုင်းလူတိုင်းမှာ မိဘဆိုတာ ရှိနေ တာ ဖြစ်သောကြောင့် အသီးသီး ကျေးဇူးတင်ရမယ်၊ အသိအမှတ်ပြုရမယ်၊ လောကကြီးတစ်ခုလုံးဟာ ဒီလို ရှိလာတယ်၊ ဒါ ကျေးဇူးတရားတွေကို ဆင်ခြင်စဉ်းစား ကြည့်လိုက်လို့ရှိရင် ကျေးဇူးသိတတ်တဲ့အပိုင်း၊ ကျေးဇူး သိခြင်းဆိုတာ အဲဒါတွေကို အသိအမှတ်ပြုတယ်၊ အဲဒီအသိအမှတ်ပြုတဲ့ သူတော်ကောင်းစိတ်ဓာတ်ရှိတဲ့ ပုဂ္ဂိုလ် (သို့မဟုတ်) သားသမီးဟာ မိဘကို ကျေးဇူး ဆပ်ကြတယ်။

မိဘကို ကျေးဇူးဆပ်တယ် ဆိုတာ ဘာတုန်း၊ ကျေးဇူးဆပ်ပုံ ဆပ်နည်းတွေက အမျိုးမျိုးရှိတယ်၊ ကိုယ့်ကို လုပ်ပေးသလို ကိုယ်က ပြန်လုပ်ပေးတယ် ဟုတ်လား၊ "**အာပါဒကာ**" ကိုယ့်ကို ငယ်ငယ်က

စောင့်ရှောက်ထားသလို ကိုယ်က ပြန်စောင့်ရှောက်တယ်၊ ကိုယ့်ကို ငယ်ငယ်တုန်းက ကျွေးမွေးသလို “ပေါသကာ” ပြန်ကျွေးမွေးတယ်၊ ဒီနှစ်ခုတော့ရပြီ။

“ဣမဿ လောကဿ ဒဿေတာရော” ဆိုတာကိုတော့ ဘာမှလုပ်ပေးလို့မရဘူး၊ ဒါကြောင့် မိဘကျေးဇူးဆိုတာ ကုန်အောင်မဆပ်နိုင်ဘူးဆိုတာ အဲဒါကိုပြောတာ၊ နံပါတ်(၁)နဲ့ (၂)တော့ လုပ်လို့ရတယ်၊ နံပါတ်(၃)က လုပ်လို့မရဘူး၊ ဘာဖြစ်လို့တုန်းဆို ကိုယ်နောက်မွေးတာကိုး၊ နောက်မှ မွေးတာဖြစ်လို့ အဲဒီကျေးဇူးကို ဘယ်လိုနည်းနဲ့မှ မဆပ်နိုင်ဘူး။ ဒါကြောင့် မိဘကျေးဇူးကို သာမန် ဆပ်လို့မကုန်ဘူးဆိုတာ မြတ်စွာဘုရားက ဒီအချက်ကို ဆိုလိုတာလည်း ဖြစ်နိုင်တယ်။

ဘယ်လောက်ထိအောင် မြတ်စွာဘုရားဟောထားတုန်းဆိုရင် မိဘကိုကျေးဇူးဆပ်တယ် ဆိုတာတဲ့ မိဘကို ပြုစုတယ်၊ ရေမိုးချိုးပေးတယ်၊ အဝတ်အစား လဲပေးတယ်၊ အစာရေစာကျွေးတယ်၊ ညောင်းညာရင် နှိပ်နယ်ပေးတယ်၊ ဝတ်ကြီး ဝတ်ငယ် ပြုတယ် ဆိုပါစို့၊ အဲဒီလို

လုပ်တယ်၊ ရှိခိုးတယ်၊ ဝပ်ချတယ်၊ အရိုအသေ ပေးတယ်၊ ဒီလောက်လေးနဲ့ မိဘကျေးဇူးကျေတယ်လို့ ငါဘုရားဘယ်တော့မှ မဟောဘူးတဲ့၊ ငါ မဟောနိုင် ဘူးတဲ့၊ ဒီလောက် တုန့်ပြန်မှုလေးနဲ့ ကျေးဇူးကျေပြီလို့၊ ငါ မိဘရဲ့ ကျေးဇူးတွေကို ကျေအောင် ဆပ်ရပြီလို့ ဘယ်တော့မှ မဟောဘူးတဲ့။

ဘယ်လောက်ထိအောင် မြတ်စွာဘုရားက ဟော လိုက်တုန်းဆို "အသက်တစ်ရာရှည်တဲ့ သားသမီးဟာ မိဘကို အနှစ်တစ်ရာ၊ အဖေကို လက်ယာဘက် ပခုံး ပေါ်တင်၊ အမေကို လက်ဝဲဘက်ပခုံးပေါ်တင်၊ (ပခုံး ပေါ် တင်ထားတယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ ဆိုလိုတာ တာဝန်ယူတာကို ပြောတာပေါ့၊ တကယ် မိဘက ဘယ်လို ပခုံးပေါ်တက်ထိုင်နေလို့ရမလဲနော်၊ သို့သော် စာထဲမှာ အဲဒီလိုပြောတာ၊ မိဘရဲ့တာဝန်ကို ယူတဲ့ အဓိပ္ပာယ်ကိုပြောတာ၊ လူဆိုတာ တာဝန်ထမ်းတဲ့အခါ ပခုံးနဲ့ထမ်းတာ၊ ယောက်ျားတွေ ပခုံးနဲ့ထမ်းတာ)ဖခင်ကို လက်ယာပခုံးပေါ်တင်၊ မိခင်ကို လက်ဝဲပခုံးပေါ်မှာ

ထား၊ အနှစ်တစ်ရာ အသက်ရှည်လို့ တစ်သက်လုံး ကျွေးမွေးတောင်မှပဲ မိဘတွေက ကိုယ့်အပေါ်မှာ ပြုလုပ်ခဲ့တဲ့ ကျေးဇူးတရားကို အကုန်ဆပ်ပြီလို့ ပြောလို့ မရဘူး၊ မပြောနိုင်ဘူး" ဒီစကားက ဒီလိုဆိုလိုတာနော်။

ဘာဖြစ်လို့တုန်းဆို ခုနရှုထောင့်ကကြည့်ရင် (၁)နဲ့ (၂)ပဲ လုပ်ပေးလို့ရတယ်၊ (၃) ကို မပေးနိုင်ဘူး၊ လောကကြီးတစ်ခုလုံးကို introduce လုပ်မပေးနိုင်ဘူး။

## ဓမ္မနဲ့ ကျေးဇူးဆပ်

ဒါဖြင့် မိဘတွေကို အင်မတန်ကောင်းတဲ့ ကျေးဇူး ဆပ်တဲ့နည်း မရှိဘူးလားဆိုတော့ ရှိတာပေါ့၊ မြတ်စွာ ဘုရားက မိဘတွေ ဒီဘဝတင်မကဘူး၊ သံသရာ အတွက်ပါ ကောင်းစေနိုင်တာဖြစ်သောကြောင့် "ဓမ္မ" နဲ့ ကျေးဇူးဆပ်တာကျတော့ ကျေတယ်လို့ဟောတာ၊ ဘာဖြစ်လို့တုန်းဆို ကိုယ့်မိဘက "ဓမ္မ" နဲ့ ကျေးဇူးပြုခဲ့ တာ မဟုတ်ဘူးပေါ့နော်၊ လောကကိစ္စတွေနဲ့ ကျေးဇူး ပြုခဲ့တာ၊ အဲဒီတော့ ကိုယ်က "ဓမ္မ" နဲ့ ကျေးဇူးတုန့်ပြန်

ဆပ်ရင် "ခမ္မ" ရှုထောင့်ကနေ ကျေးဇူးဆပ်မယ်ဆိုရင် ကျေတယ်တဲ့။

ဓမ္မဆိုတာ ကိုယ့်မိခင်ဖခင် ကျေးဇူးရှင်တွေဟာ ကိုယ်ကျင့်သီလတွေ လိုအပ်နေသေးတယ်၊ သီလ မရှိသေးဘူးဆိုရင် သီလရှိတဲ့ပုဂ္ဂိုလ်အဖြစ် ရောက်အောင် ကိုယ်က သွေးဆောင်ပေးတယ်၊ အခြေအနေတွေ ဖန်တီးပေးတယ်။ သဒ္ဓါတရားတွေ မရှိသေးဘူးဆိုရင် သဒ္ဓါရှိအောင်လုပ်ပေးတယ်။ စွန့်ကြဲမှု လှူဒါန်းမှုတွေ အားနည်းနေသေးတယ်ဆိုရင် စွန့်ကြဲမှုတွေ ရှိအောင်။ အသိပညာ အားနည်းနေသေးရင် ဓမ္မနဲ့ ပတ်သက်ပြီး အသိပညာတွေရရှိအောင် လုပ်ပေးဖို့လိုတယ်။ အဲဒီလို သဒ္ဓါတို့ သီလတို့ စာဂတို့ ပညာတို့ ဆိုတဲ့ ကောင်းကျိုးချမ်းသာကို ဖြစ်ပွားစေတတ်တဲ့ တရားတွေကို ကိုယ့်ရဲ့ မိဘတွေရဲ့ နှလုံးသားထဲမှာ ရောက်အောင် မိမိအနေနဲ့ တစ်နည်းတစ်လမ်း ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် မိဘရဲ့ကျေးဇူးတွေ ကျေပါတယ်လို့ မြတ်စွာဘုရားက

ဒီလိုဟောတာ။ ဒါ ဘုရားဟောတဲ့ သုတ္တန်ထဲက ဘုန်းကြီးတို့ ထုတ်နှုတ်ပြီး ပြောတာ။

တစ်ချို့က မကျေနိုင်တာကို အကြောင်းပြုပြီးတော့ ပြောကြတယ်ထင်ပါရဲ့၊ "မြတ်စွာဘုရားတောင် တာဝတိံသာနတ်ပြည်တက်ပြီး မယ်တော်မိနတ်သားကို အဘိဓမ္မာတရား ဟောတယ်၊ မိဘကျေးဇူးဆပ်တယ်ပေါ့။ အဲဒီလို ကျေးဇူးဆပ်တာတောင်မှပဲ နို့တစ်လုံးဖိုးပဲ ကျေတယ်" လို့ပြောကြတယ်၊ ဒါက စာလာပေလာ စကား မဟုတ်ဘူးနော်။

မြတ်စွာဘုရားဟောတဲ့စကားအရ မြတ်စွာဘုရား ကျေးဇူးဆပ်တာ ကျေတယ်လို့ပြောတယ်၊ ဘာဖြစ်လို့ တုန်းဆိုတော့ မယ်တော်မာယာဟာ ဘုရားအလောင်းလေး မွေးဖွားပြီးတော့ ၇-ရက်မြောက်မှာ ကံကုန်သွားတယ်၊ ကံကုန်သွားတော့ သူ ဘုရားတရားတွေ ကြားနာခွင့် မရရှာဘူးပေါ့၊ ဒါကြောင့်မို့ အထူးတလည် ဦးတည်ပြီးတော့ မြတ်စွာဘုရားက အဘိဓမ္မာတရား ဟောတာ။ မယ်တော်ကြီး သောတာပန် ဖြစ်သွားတယ်၊ အရိယာ

ဖြစ်သွားတယ်ပေါ့၊ အဲဒါ ကျေးဇူးကျေတယ်လို့ပဲ ပြောရမယ်။

ကျေတယ်ဆိုတဲ့ စကားလုံးကို ဘယ်လိုသုံးတာတုန်းဆိုတော့ "**ကတံ ဝါ ပဋိကတံ**" မိဘက ကိုယ့်အပေါ်မှာလုပ်ပေးခဲ့တာ၊ "**ကတ**" အဲဒီ "**ကတ**" ကို "**ပဋိကတ**" တုန့်ပြန်ပြီးတော့ ပေးဆပ်တယ်ဆိုတာ ကျေးဇူးဆပ်တယ်ဆိုတဲ့ ဒီလိုအဓိပ္ပာယ်ကို ပြောတာနော်၊ အဲဒီတော့ ကျေးဇူးတရားဟာ အဲဒီလိုနည်းနဲ့ဆပ်ကြရမှာဖြစ်တယ်။

ဒါဖြင့် အပြန်အလှန်ကြည့်မယ်ဆိုလို့ရှိရင် သားသမီးကရော မိဘအပေါ်မှာ၊ မိဘဆိုတာတော့ သားသမီး အပေါ်မှာ ပထမဆုံး စောင့်ရှောက်တဲ့ပုဂ္ဂိုလ်ဆိုတော့ သူက ကိုယ့်သားသမီးတွေက တုန့်ပြန်လာတာကို မမျှော်လင့်ဘဲနဲ့ စောင့်ရှောက်တယ်။ မိဘရဲ့ ဒီမေတ္တာတရားဟာ အလွန်တရာမှပဲ သန့်စင်တယ်ပေါ့၊ သူကိုယ်တိုင်က စပြီးတော့ လုပ်တယ်။

သားသမီးကျတော့ ကိုယ်ကပြန်ပြီးတော့ ပေးဆပ်တဲ့သဘောပဲဖြစ်တယ်၊ ဘာလုပ်ပေးလုပ်ပေး ကိုယ်က ပြန်ပေးဆပ်ရသူပဲဖြစ်တယ်၊ အဲဒီတော့ မိဘက သားသမီးကို ပြန်ပေးဆပ်ရတယ်ဆိုတာမျိုးမရှိဘူး၊ ဒီဟာက သားသမီးကပဲ ပေးဆပ်တာကိုပြောရမယ်၊ ဘာဖြစ်လို့တုန်းဆို စလုပ်တဲ့ပုဂ္ဂိုလ်က မိဘသာဖြစ်တယ်၊ သားသမီး မဟုတ်ဘူးလေ၊ တစ်ချို့ကလည်း တွက်ကောင်းတွက်လိမ့်မယ်၊ အသက်ကြီးတော့ မိဘကိုပြုစုတယ်၊ ပြုစုတော့ မိဘကလည်း သားရဲ့ကျေးဇူး သမီးရဲ့ ကျေးဇူးဆိုတာ မရှိဘူးလားဆိုတော့ ရှိတာပေါ့၊ ရှိပေမယ့် ကျေးဇူးတရားတွေဟာ ဆိုလိုတာက မိဘဆီက ငွေကြေးယူပြီးတော့ သုံးတဲ့အခါမှာ ပြန်ပြီးတော့ ကိုယ်က ပေးဆပ်ခြင်းမျှသာ ဖြစ်တယ်ပေါ့၊ ကိုယ့်ဆီက မိဘက ယူသုံးတာမဟုတ်ဘူး၊ ဒီအဓိပ္ပာယ်မျိုးပေါ့နော်။

အဲဒီတော့ ဘယ်တော့အခါပဲကြည့်ကြည့် ကိုယ်က ပေးဆပ်တဲ့နေရာကပဲရှိတယ်၊ ကိုယ်လုပ်နေသမျှသည် မိဘရဲ့အကြွေးကို ပြန်ပေးဆပ်နေတဲ့သဘောပဲ

ဖြစ်တယ်၊ ကိုယ့်ရဲ့ကျေးဇူး မိဘအပေါ် မှာတင်တယ် ရယ်လို့ မရှိနိုင်ဘူး မရှိဘူး၊ နို့မို့ဆိုရင် သားသမီး ကလည်း ပြောဦးမယ်၊ "အမေအဖေက ကျေးဇူးရှိတာ ဟုတ်တယ်၊ အခု ကိုယ်က ကျေးဇူးပြုတော့ ကိုယ့် ကျေးဇူးတွေလည်းရှိတယ်" လို့ ဒီလိုပြောလို့ မရဘူးနော်၊ ကိုယ်လုပ်ပေးသမျှသည် ကျေးဇူးဆပ်တာပဲရှိတယ်၊ အကြွေးဆပ်နေတာပဲ ဖြစ်တယ်၊ ကိုယ်က စလုပ်တာ မဟုတ်ဘူး၊ တုန့်ပြန်တာပဲရှိတယ်၊ ကိုယ်ကစပြီးလုပ်တာ ဆိုရင်တော့ ကိုယ့်ကျေးဇူးကို ဆပ်တယ်လို့ အဓိပ္ပာယ် ရတယ်ပေါ့။

အေး ကိုယ့်သားသမီးတွေအလှည့် ရောက်တဲ့ အခါကျတော့ ကိုယ်က သူတို့ကို စ,လုပ်ပေးတာ၊ သူတို့ က ကိုယ့်ကိုဘာမှလုပ်မပေးခင် ကိုယ်က သူတို့ကို စပြီး တော့ လုပ်ပေးတာ၊ ကိုယ်က သူတို့ကိုအကြွေးပေးလိုက် တဲ့ သဘောပဲ၊ အဲဒီသားသမီးတွေက ကိုယ့်အပေါ် ပြုစု တယ် ဆိုရင်တော့ သူတို့ရဲ့ကျေးဇူးရယ်လို့ ပြောစရာ မလိုဘူး၊ သူတို့က ပြန်ပြီးပေးဆပ်ခြင်းမျှသာ ဖြစ်တယ်။

ဒါက ကျေးဇူးတုန့်ပြန်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကျေးဇူး ဆပ်ခြင်းဆိုတာနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ တစ်တွေ နားလည်ဖို့ပါ။

နောက်တစ်ခုကြည့်မယ်ဆိုရင် မိသားစု ဆိုတဲ့ အခါမှာ အပြန်အလှန် ကျေးဇူးပြုမှုလေးတွေ ရှိတယ် ပေါ့။ ကျေးဇူးပြုတယ်ဆိုတာ အသက်ရှည်ရပ်တည်ဖို့ အတွက် ဘဝမှာ ရပ်တည်နိုင်ဖို့အတွက် အထောက် အကူဟာ သားသမီးကလည်း မိဘကို ကျေးဇူးပြုတာပဲ၊ မိဘကလည်း သားသမီးကို ကျေးဇူးပြုတာပဲ၊ အိမ်ကြီး တိုက်ကြီးကလည်း နေထိုင်တဲ့သူတွေကို ကျေးဇူးပြု တာပဲ၊ လျှပ်စစ်မီးတွေကလည်း ကျေးဇူးပြုတာပဲ၊ အာဟာရတွေကလည်း ကျေးဇူးပြုတာပဲ၊ အားလုံးဟာ ဥပနိဿယပစ္စည်းနဲ့ သွားနေတာချည်းပဲ။

အကုန်လုံး အားကောင်းတဲ့အထောက်အကူတွေ ပဲ၊ နောက်ဆုံးမှာ အိမ်ပေါ်မှာ အလှထားတဲ့ပန်းကလေး ကအစ အကုန်လုံးဟာ သက်ရှိသတ္တဝါတွေ ရပ်တည် နိုင်ဖို့အတွက် အထောက်အကူပြုနေတာချည်းပဲ၊ ဒါဟာ

ကျေးဇူးပြုနေတယ်လို့ပဲ ဒီလိုပြောရမှာ၊ ကားကလည်း လူကိုကျေးဇူးပြုတယ်၊ မညောင်းမညာ လွယ်လွယ်ကူကူ အချိန်တိုတိုနဲ့ ရောက်သွားအောင် ကားကလည်း ကျေးဇူးပြုတယ်၊ ဘယ်ဟာပဲဖြစ်ဖြစ် ကိုယ့်ကို အကျိုးပြုတာ မှန်သမျှ ကျေးဇူးပြုတယ်လို့ပဲ ခေါ်တယ်နော်။

ကောင်းကျိုးချမ်းသာကို ဖြစ်ပွားစေတတ်တဲ့ အရာတွေကို လုပ်ပေးတာ မှန်သမျှ ကျေးဇူးပြုတယ်၊ အသိဉာဏ်တွေပေးတာကျေးဇူးပြုတာပဲ၊ အလင်းရောင်တွေပေးတာ ကျေးဇူးပြုတာ၊ အကြံဉာဏ်ပေးတာ ကျေးဇူးပြုတာ။ အားလုံးဟာ ကိုယ့်ပတ်ဝန်းကျင်မှာ သွားလာလှုပ်ရှားနေတဲ့ နောက်ဆုံးမှာ ကုန်ကုန်ပြောရင် လေ သစ်ပင်တွေကတောင်မှပဲ ကိုယ်ကို အေးမြစေတယ်ဆိုရင် ဒါ သစ်ပင်က ကိုယ့်ကို ကျေးဇူးပြုတာပဲလေ။

လမ်းကြီးက ဖြောင့်ဖြူးနေတော့ ကိုယ်သွားရတာ လွယ်လွယ်ကူကူသွားရတယ်၊ ဒီလမ်းကြီးက ကိုယ့်ကို ကျေးဇူးပြုတာပဲ၊ ရန်ကုန်သူ ရန်ကုန်သားတွေဆိုရင်

မနက် ရွှေတိဂုံဘုရားကြီး ဖူးလိုက်ရရင် စိတ်ထဲမှာ ကြည်နူးသွားတယ်၊ ဒါ ဘုရားကြီးက ကိုယ့်ကို ကျေးဇူးပြုလိုက်တာပဲလေ၊ ဒီလိုဆိုလိုတာပေါ့။

ကျေးဇူးပြုမှုဆိုတာ ပတ်ဝန်းကျင် တစ်ခုလုံးဟာ ကိုယ့်အပေါ်မှာ ကျေးဇူးဖြစ်နေတာ၊ အဲဒီတော့ ကျေးဇူးပြုနေတာတွေကို ကျေးဇူးတင်တတ်လာတဲ့အခါမှာ လူတွေဟာ တစ်ဦးအပေါ်တစ်ဦးမှာ "ငါချည်းပဲ လုပ်ရတယ်၊ မင်းကတော့ မလုပ်ဘူး" လို့ တစ်ဦးကိုတစ်ဦး ဒီလိုပြောနေစရာအကြောင်း မရှိတော့ဘူး။

မိသားစုဟာ တကယ်ကတော့ အိမ်ထောင်တစ်ခုတည်းမှာနေတဲ့ မိသားစုတွေပဲဖြစ်ဖြစ်၊ တစ်ရပ်ကွက်ထဲမှာနေတဲ့ မိသားစုတွေပဲဖြစ်ဖြစ်၊ တစ်နိုင်ငံထဲမှာ အတူတူနေကြတဲ့ မိသားစုတွေပဲဖြစ်ဖြစ် အပြန်အလှန် အထောက်အကူပြုမှုတွေဟာ ရှိနေကြတာ ဖြစ်သောကြောင့် တကယ်တော့ မေတ္တာနဲ့ မိတ်ဆွေစိတ်ဓာတ်နဲ့ နွေးနွေးထွေးထွေး နေကြရမှာ ဖြစ်တယ်ပေါ့၊ အဲဒီလို

နွေးနွေးထွေးထွေး တစ်ဦးနဲ့ တစ်ဦး မေတ္တာတွေနဲ့ ဒီလိုနေနိုင်မှ။

အဲဒီလို မနေနိုင်ဘူးဆိုလို့ရှိရင် အမုန်းတရားတွေ ပွားပြီးတော့ လောကကြီးဟာ အသက်ရှင်ဖို့အတွက် ခက်ခဲလာမယ်၊ ဒီကနေ့ကမ္ဘာကြီးမှာ လူတွေအချင်းချင်း အမုန်းပွားမှုတွေ များလာတယ်၊ မေတ္တာတရား အားနည်းမှုတွေ၊ ဒီ ခါးသီးတဲ့ မုန်းတီးမှုတွေကြောင့် လောကကြီးဟာ ပျက်စီးတော့မယ့် အနေအထား တစ်ခု ရောက်လာတယ်ပေါ့။

မြတ်စွာဘုရားကိုယ်တိုင်က ဟောခဲ့တယ်။ လူသား တွေ ပျက်စီးတော့မယ့်ဆိုရင် "**တိဗ္ဗော အာဃာတော ပစ္စုပဋ္ဌိတော**" တဲ့။ **တိဗ္ဗော** ဆိုတာ သိပ်ပြီးတော့ ပြင်းထန်တဲ့၊ **အာဃာတ** ဆိုတာ ရန်ငြိုး၊ စိတ်ထဲမှာ နာကြည်းမှုတွေ တအားပြင်းထန်လာတယ်၊ အဲဒီ ပြင်းထန်တာတွေ ရှိလာပြီဆိုရင် ကမ္ဘာလောကကြီးဟာ ပျက်စီးသွားမှာပဲတဲ့၊ ပျက်စီးတဲ့ဘက်ကို ဦးတည်နေ တယ်။

မေတ္တာကမ္ဘာ

ဒီနေ့ခေတ်မှာကြည့် - မေတ္တာ ခမ်းခြောက်လာတဲ့ သဘောတွေ၊ လုတယ်၊ ယက်တယ်၊ တိုက်တယ်၊ ခိုက်တယ်၊ လူတွေသေအောင် ဒုက္ခရောက်အောင်၊ ကိုယ်နဲ့ ဆိုင်သူရော မဆိုင်သူရော၊ အပြစ်ရှိသူရော အပြစ်မဲ့သူရော အကုန်လုံးလေ၊ ဒီကနေ့ခေတ်မှာ ရမ်းပြီးတော့ လုပ်တာတွေဖြစ်လာတယ်၊ အငြိုးအတေးတွေနဲ့ ဘယ်သူသေသေ ကိုယ့်အသက်ရှင်ရေးအတွက် ဆိုပြီးတော့ ကိုယ်ကျိုးရှာသမားတွေ၊ ကိုယ်ကျိုးကို ရှေ့တန်းတင်ပြီးတော့ လုပ်လာတာတွေ များလာလို့ရှိရင် ခုနတုန်းက အပြန်အလှန် အကျိုးပြုပြီးတော့ ဘဝရပ်တည်နိုင်တယ်ဆိုတဲ့ မေတ္တာအသိုင်းအဝိုင်းကြီးဟာ ပြိုကျပျက်စီးသွားနိုင်တယ်ပေါ့။

ပြောမယ်ဆိုလို့ရှိရင် သက်မဲ့နဲ့သက်ရှိ သတ္တဝါတွေဟာ မေတ္တာနဲ့ဆက်သွယ်တာ မဟုတ်ပေမယ့် လို့နော် - မေတ္တာပို့တာတော့ သက်ရှိအချင်းချင်းပို့တာ၊ သို့သော် ကြည့်မယ်ဆိုလို့ရှိရင် ကမ္ဘာကြီး တည်ဆောက်

တာ မေတ္တာနဲ့ပဲ တည်ဆောက်လို့ရမှာပေါ့၊ အမုန်းတရား တွေ များလာပြီဆိုလို့ရှိရင် ဒီသစ်ပင်တွေရှုတ်တယ် ဆိုပြီးတော့ ခုတ်လှဲပစ်မယ်၊ လောဘကို အကြောင်းပြု ပြီးတော့ လိုချင်မှုတွေများလာပြီး လောကကြီး တစ်ခု လုံးဟာ လောဘကို မထိန်းနိုင်လို့ ပျက်စီးဆုံးရှုံးတာ များတယ်။

ပတ်ဝန်းကျင်မှာ ဒီလို ဖျက်ဆီးပစ်တာမျိုးတွေ ကိုယ့်ကိုယ်ကို ဖျက်ဆီးမှန်းမသိ ဖျက်ဆီးပြီး ကိုယ် ရတယ်လို့ ထင်ပြီးတော့ လူတွေဟာ မိုက်မိုက်မဲမဲနဲ့ လုပ်ကြသည့်အတွက်ကြောင့် ကမ္ဘာလောကကြီးဟာ လူတွေ အသက်ရှင်ဖို့အတွက် တဖြည်းဖြည်းခက်လာ တယ်၊ ကြည့်ပါလား သစ်ပင်မပေါက်တဲ့ဂြိုဟ်မှာဆို သက်ရှိသတ္တဝါတွေ မရှိနိုင်ဘူးလို့ ပြောတာပဲလေ၊ ဒါကြောင့်မို့လို့ ကိုယ်နဲ့ အသီးသီးဟာ အပြန်အလှန် ဆက်သွယ်ပြီးတော့နေကြတယ်။

မိသားစုမှာဆိုလည်း မိခင်ဖခင်နဲ့ သားသမီး မြေး မြစ် တူ တူမ ဆိုတာတွေအားလုံးဟာ မိတ်ဆွေ သင်္ဂဟ

တွေ အပါအဝင် အပြန်အလှန်မေတ္တာတွေ ထားပြီး တော့ "တစ်ဦးကျေးဇူး တစ်ဦးမှာ" ဆိုတဲ့အတိုင်း အပြန် အလှန် ကျေးဇူးရှိကြတာ ဖြစ်သောကြောင့် ဘယ် အလုပ်ပဲလုပ်လုပ် အမြဲတမ်း စိတ်ဓာတ်ဟာ မေတ္တာကို အခြေခံတဲ့စိတ်ဓာတ်တွေနဲ့ လက်တွဲညီညာ နေထိုင် သွားကြရမယ်။ ကမ္ဘာကြီးဟာ ကျေးဇူးသိတတ်တဲ့ ကမ္ဘာကြီး ဖြစ်ပြီးတော့ အားလုံး ဘယ်သူ့အပေါ် မှာမှ ကျေးဇူးကန်းခြင်း၊ ကျေးဇူးကို အသိအမှတ် မပြုခြင်း မရှိတော့ဘဲ လူတွေမှာ သူတော်ကောင်းစိတ်ဓာတ်တွေ ကိန်းဝပ်ပြီး နောက်ဆုံးမှာ စိတ်ချမ်းသာမှုကို အခြေပြု ပြီးတော့ စိတ်တည်ငြိမ်မှု ရလာတယ်။

စိတ်တည်ငြိမ်မှုကို အကြောင်းပြုပြီးတော့ "**ယထာဘူတ ဉာဏဒဿန**" သဘာဝအဖြစ်မှန်တွေကို သိရှိနိုင်တဲ့ အသိဉာဏ်တွေ ရလာတယ် လို့ဆိုတဲ့ ကွင်းဆက်အကျိုးတရားတွေရှိပြီး နောက်ဆုံး ဘဝဒုက္ခ မှ လွတ်မြောက်နိုင်အောင် ကြိုးစားမှုတွေကို လုပ်လာ နိုင်တဲ့ အရည်အချင်းရှိအောင် ရောက်ရှိလာနိုင်တယ်

ဆိုတာ သိရှိနားလည်ပြီးတော့ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း၊ စိတ်တည်ငြိမ်အောင် ကြိုးစားခြင်း၊ ကိုယ့်သန္တာန်မှာ ကောင်းမြတ်တဲ့ ကုသိုလ်တရားတွေ ပွားများအောင် ဆောင်ရွက်ခြင်းဖြင့် သံသရာဝဋ်ဆင်းရဲက လွတ်ကင်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရရှိအောင် ကြိုးစား အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

## မေတ္တာမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး မွေစာအုပ်များ


- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- နိယျာနိကသာသနာနှင့် မြတ်ဒေသနာများ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမဂ္ဂာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဓဇဂ္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ
၄၂။ လွတ်မြောက်တဲ့စိတ်

၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အများမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝဆော်ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား
၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း

၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း